အလုပ်ကို "စိန္တာမယပညာ" လို့ခေါ်ပါတယ်။ အဲဒီလို စဉ်းစားဆင်ခြင်မှု . . . မိမိကိုယ်တိုင် လေ့လာနေတဲ့ ဒေသနာ၏အဓိပ္ပာယ်ကို သိနားလည်မှာဖြစ်ပါတယ်။

ဒါကြောင့် . . . ကျွန်တော်တို့တတွေ . . . ဒီပညာတွေကို အခုလို လေးလေးနက်နက် . . . သင်ယူနေကြပါတယ်။ ဘဝနဲ့ပတ်သက်သောပြဿနာအရပ်ရပ်ကို . . . စနစ်တကျ ဖြေရှင်းနိုင်ဖို့ . . . ဒီပညာတွေကိုဆည်းပူးရပါတယ်။

ဒီအမိ၊ အဖ၊ တစ်မအေ၊ တစ်ဖအေတည်းက မွေးလာပေမယ့် . . . အရုပ်ဆိုးတဲ့ သားလည်းရှိတယ် အရုပ်ချောတဲ့သားလည်းရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မကြေနပ်လို့လည်း မရပါဘူး။

အရုပ်ဆိုးတာကလည်း မိမိ အတိတ်ကပြုခဲ့သော ကံစွမ်းအားက အရုပ်ဆိုးအောင် ဖန်တီးပေးတယ်။ ရုပ်ချောအောင်ဖန်တီးပေးတာကလည်း မိမိဘဝအဆက်ဆက် . . . ပြုခဲ့သော ကုသလကမ္မက ဖန်တီးပေးပါတယ်။ အဲဒီသဘောတွေဟာ . . . ဉာဏ်ကို စနစ်တကျသုံး၍ . . . မှန်ကန်စွာ တွေးနိုင်၊ ဆင်ခြင်နိုင်အောင် . . . ဒီပညာတွေကို သင်ယူကြပါတယ်။

ဒီတော့ . . . ဒီကံနဲ့ ကံ၏အကျိုးတို့ကိုသိလာပြီဆိုရင် . . . မိမိကိုယ်တိုင် ကောင်းသော ကံများကို . . . တိုးပွားသည်ထက် တိုးပွားအောင် ဆောင်ရွက်ဖို့ . . . လိုပါတယ်။ ကုသလကံတွေ ဘယ်လောက်အရေးကြီးတယ်ဆိုတာဟာ . . . အခုပြောတဲ့ . . . ဟေတုတရား (၃) ပါးသာ ချို့တဲ့ခဲ့ရင် . . . မိမိမှာ . . . မျက်စိမမြင်တဲ့လူ၊ နားမကြားတဲ့လူ . . . ဖြစ်မှာပါပဲ။

အခုမျက်စိလည်းကောင်း၊ နားလည်ကောင်း အစစအရာရာပြည့်စုံနေတာဟာ . . . မိမိပြုခဲ့သော ကုသလကံတွေရဲ့ ပြည့်စုံမှုကြောင့် ဖြစ်ရတယ်ဆိုတာကို နှလုံးသွင်းပြီး . . . မိမိတို့ရဲ့ဘဝမြင့်သထက်မြင့်လာဖို့ ရရှိထားသော တရားများကို . . . ကြိုးစားပြီး အားထုတ်နိုင်ကြသော . . . သူတော်ကောင်းများ ဖြစ်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု



# " ဟိတ် (၆) ပါးတရား "

ကျွန်တော်တို့ ဒီကနေ့ (၂၀၀၇) ခုနှစ်၊ ဧပြီလ (၂၆) ရက်၊ ကြာသပတေးနေ့၊ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏောဇိမာန်တော်မှာ . . . (၂၅) ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ဆက်လက်ပြီး ပို့ချပါမယ်။

ကျွန်တော်တို့ အခုလေ့လာနေတဲ့အကြောင်းအရာများက . . . နေ့စဉ်နဲ့အမျှ ပြုနေတဲ့ အလုပ်တွေဟာ "ကမ္မ" တွေ ဖြစ်ပါတယ်။ ကာယကမ္မ၊ ဝစီကမ္မ၊ မနောကမ္မ ဆိုတဲ့ အလုပ်သုံးမျိုးကို နေ့စဉ်လုပ်နေကြပါတယ်။ အဲဒီ "ကမ္မ" ဆိုတဲ့ အလုပ်တွေကို လုပ်တိုင်း "ကံစွမ်းအား" ခေါ်တဲ့ . . . "ကမ္မသတ္တိ" တွေ ထွက်ပေါ်ပါတယ်။

အဲဒီ "ကမ္မသတ္တိ" တွေဟာ . . . ပြုလုပ်သော "ခန္ဓာငါးပါး" မှာပဲ "ကံစွမ်းအား" တွေ ဝန်းရံနေပါတယ်။ အဲဒီ "ကံစွမ်းအား" တွေက အကျိုးပေးရမယ့်အချိန်ရောက်လာလို့ရှိရင် . . . အကျိုးပေးပါတယ်။ အဲဒီအကျိုးတရားကို "ဝိပါက" လို့ ခေါ်ပါတယ်။ အဲဒီတော့ . . . "ကမ္မစွမ်းအား" နဲ့ "အကျိုးဖြစ်သော" "ဝိပါက" တို့ ဆက်သွယ်ပြီး . . . သဘာဝတရားတို့ အလုပ်လုပ်နေပုံကို . . . နားလည်အောင် ရှင်းပြပေးပါမယ်။

ခန္ဓာငါးပါးမှာ "ကံစွမ်းအား" တွေ ဝန်းရံနေတဲ့သဘောကို . . . ဉာဏ်ထဲမှာမြင်အောင် စဉ်းစားထားပါ။ အဲဒါကို "ဥပမာ" နဲ့ပြောရရင် . . . "ကံစွမ်းအား" တွေ ခန္ဓာငါးပါးမှာ ဝန်းရံနေတဲ့သဘောမှာ . . .

သိပ္ပံဆရာများက သံလိုက်ဓါတ်အကြောင်းကို လေ့လာပါတယ်။ ရိုးရိုးသံမဏိချောင်းပေါ်မှာ . . . သံလိုက်ဓါတ်ပါတဲ့သံချောင်းကို ခပ်ခွာခွာလေးထားပါ။ သူတို့ (၂)ခုမထိစေပဲ. . . သံလိုက်ပါတဲ့သံချောင်းကို သံမဏိချောင်းတစ်လျှောက်အပေါ်မှနေပြီး မထိစေဘဲ ပွတ်ဆွဲပေးပါ။ ကြိမ်ဖန်များစွာပြုလုပ်ပေးပါ။ အဲဒါဟာ . . . သံလိုက်ဓါတ်ရှိတဲ့ သံချောင်းမှာ သံလိုက်အားကို . . . သံမဏိချောင်းသို့ အားသွင်းပေးတဲ့သဘောဖြစ်ပါတယ်။

အဲဒီလို . . . လုပ်ပေးခြင်းဖြင့် . . . ရိုးရိုးသံမဏိချောင်းဟာ "သံလိုက်ချောင်း" အဖြစ် ရောက်ရှိသွားပါတယ်။ အဲဒီလို သံလိုက်ချောင်းဖြစ်သွားတော့ . . . သံချောင်းရဲ့ဘေးမှာ . . . "သံလိုက်ဓါတ်အား" တွေ ဝန်းရံနေနေပါပြီ။ ဒီလို ဝန်းရံနေတဲ့ "သံလိုက်ဓါတ်အား" ကိုတော့ မျက်စိနဲ့မမြင်ရပါဘူး။ သို့သော်လည်း သံလိုက်အိမ်မြှောင်နဲ့ထောက်ကြည့်တဲ့အခါ . . . သံမဏိချောင်းရဲ့ဘေးမှာ . . . သံလိုက်ဓါတ်အားတွေရှိတယ်ဆိုတာကို သိပါတယ်။

ပြီးတော့ . . . သံချောင်း၊ သံမှုန်လေးတွေ အဲဒီသံမဏိချောင်းကို ထိလိုက်ရင် ကပ်နေတာကို . . . မြင်ရပါတယ်။ အဲဒီတော့ . . . သံချောင်းနဲ့သံလိုက်အား (၂)မျိုးကို ဉာဏ်နဲ့ ဆင်ခြင်ကြည့်ရပါမယ်။

သံချောင်းမှာ အထည်ဒြပ် (MASS) ရှိပါတယ်။ သံလိုက်မှာ အထည်ဒြပ် (MASS) မရှိပါဘူး။ သို့သော် "သံလိုက်အား" ဟာ သံချောင်းဘေးမှာ အဟုတ်တကယ်ရှိနေပါတယ်။ ဒီသံချောင်းကို ဘယ်နေရာယူသွားသွား . . . သံလိုက်အားတွေက အမြဲတမ်းပါနေပါတယ်။

အဲဒီသဘောလေးကို သေသေချာချာစဉ်းစားကြည့်ပါ။ ဒီ "ခန္ဓာငါးပါး" ကလည်း သံချောင်းလို သူ့ဘေးမှာ "ကမ္မသတ္တိ" တွေက ဝန်းရံနေပါတယ်။ အဲဒီလို သံလိုက်ချောင်းနဲ့ "ခန္ဓာငါးပါး" က သဘောချင်းတူနေပါတယ်။

သံလိုက်ဓာတ်အားများသွင်းတယ်ဆိုတဲ့သဘောက ဒီ "ခန္ဓာငါးပါး" မှာတော့ "ကံသုံးပါး" ကိုပြုလုပ်ပြီး သံလိုက်အားနဲ့တူသော "ကံစွမ်းအား" ကိုသွင်းပေးနေတာဖြစ်ပါတယ်။ ဒီ "ကံစွမ်းအား" တွေက ခန္ဓာမှာ အမြဲတမ်းဝန်းရံနေပါတယ်။

အဲဒီ "ကံစွမ်းအား" တွေကရှိနေတော့ ဒီရုပ်နဲ့ ဒီနာမ်ကို "ကံစွမ်းအား" နဲ့ အထောက်အပံ့ပေးနေပါတယ်။ အထောက်အပံ့ပေးပုံတွေကို ယခင်က ထိုက်သင့်သည့် အားလျော်စွာ ပြောခဲ့ပါပြီ။

"ရုပ်ခန္ဓာ" ကိုလည်း "ကံစွမ်းအား" ကထောက်ပံ့ပေးပါတယ်။ "နာမ်ခန္ဓာ" ကိုလည်းပဲ "ကံစွမ်းအား" အထောက်အပံ့ပေးပါတယ်။ ဒီခန္ဓာကိုယ်ရှင်ဖို့အတွက်လည်း "ကံစွမ်းအား" က အထောက်အပံ့ပေးပါတယ်။ ခန္ဓာကိုယ်မှာရှိနေတဲ့ "အကြည်ရုပ်" တွေကိုလည်း . . .



အဲဒီကျတော့ . . . သူတို့မှာ ဖြေရှင်းစရာ အဖြေမရှိကြပါဘူး။ တကယ်တော့ . . . မှန်ကန်စွာ အဖြေထုတ်၍တွက်ချက်သော "ကံစွမ်းအား" ရှိကြောင်းကို မသိခြင်းကြောင့် ဖြစ်ပါတယ်။ အဲဒီကျတော့ . . . ဘုရားသခင်ပေါ်လည်းအပြစ်မပြောရဲ . . . မိမိရရှိထားသော သားသမီးရဲ့ ဒုက္ခကိုလည်း . . . ကြည့်ပြီးစိတ်မချမ်းသာဆိုတဲ့ . . . အဖြစ်ရောက်ရှိနေကြပါတယ်။

ဒီပြဿနာမျိုးကို ဉာဏ်နဲ့ဖြေရှင်းနိုင်ဖို့က . . . အရေးကြီးပါတယ်။ အဲဒီလို မျက်စိမမြင်တာ၊ နားမကြားတာဟာ ဖန်ဆင်းရှင်နဲ့ ဘာမှမဆိုင်ပါဘူး။ ဖန်ဆင်းရှင်က ဖန်ဆင်းလို့ ဖြစ်လာတာလည်းမဟုတ်ပါဘူး။ ဘယ်သူကဖန်ဆင်းတာလဲ . . . ဆိုရင် . . .

သူပြုခဲ့သော . . . "နာနက္ခဏိက" ကမ္မက ဖန်ဆင်းတာဖြစ်ပါတယ်။ အဲဒီ "နာနက္ခဏိက" ကံစွမ်းအားထဲမှာ . . . ကုသလဟေတု၊ ဟိတ် (၃) ပါး မပါခြင်းကြောင့် ဒီအကျိုးတရားတွေကို ခံစားနေရတာလို့ သေသေချာချာရှင်းပြတော့ . . . အဓိပ္ပာယ်ကို နားလည်ရပါပြီ။ မိမိဘဝနဲ့ မိမိသားသမီးအဖြစ်ကိုလည်း ဆက်စပ်၍ . . . တွေးတတ်ပါပြီ။

ဒါဟာ . . . ဗုဒ္ဓဒေသနာ၏ "ကမ္မသတ္တိ" ကို နားလည်အောင် ရှင်းပြသော ပညာ၏စွမ်းအားဖြစ်ပါတယ်။ ဒီပညာမျိုးကို မတတ်ရင် . . . ဘုရားသခင်ဖန်ဆင်းခြင်းကို ခံရရှာသော ကလေးဟာ . . . သူများနဲ့မတူ . . . မပြည့်စုံရင် . . . ဖန်ဆင်းရှင်ဘုရားသခင် အပေါ်မှာ . . . စိတ်ထဲက မလိုလားတဲ့ အဖြစ်တွေ . . . မြောက်မြားစွာရှိနေပါတယ်။

ဒါဟာ . . . "ကမ္မနှင့် ဝိပါက" . . . "ကံစွမ်းအား နှင့်ကံ၏အကျိုး" . . . စသည်တို့ကို ဉာဏ်နဲ့ယှဉ်၍ ဆင်ခြင်တတ် စဉ်းစားတတ်အောင် . . . ဒီပညာကိုသင်ပေးနေရပါတယ်။ ဒီပညာကိုရမှ ဘဝနှင့်ပတ်သက်သော . . . ပြဿနာနှင့် ဘဝအခက်အခဲများကို . . . စနစ်တကျ ကြောင်းကျိုးဆက်စပ်၍ ဆင်ခြင်နိုင်မှာဖြစ်ပါတယ်။

အခုသင်ပေးနေတဲ့ အကြောင်းအရာက . . . နားထောင်ကောင်းရုံ နားထောင်သွားဖို့မဟုတ်ပါဘူး။ အခုပြောလိုက်တဲ့ အကြောင်းအရာများဟုတ်၏ မဟုတ်၏ဆိုတာကို စဉ်းစားဆင်ခြင်ဖို့ ဒီပညာများကို သင်ပေးနေတာပါ။ ဟုတ်၏ မဟုတ်၏ . . . လို့ စဉ်းစားတဲ့

အဲဒါတွေဟာ . . . ဘာကိုပြောတာလဲဆိုရင် . . . မျက်စိမကောင်းပဲနဲ့ မွေးလာတာ၊ နားမကောင်းပဲနဲ့မွေးလာတာကို အကျိုးတရားအဖြစ်နဲ့ မြင်ကြပါတယ်။ သို့သော် ဒီလို မကောင်းကျိုးတွေကို ခံစာပြီးတော့ . . . ဖြစ်လာရသော "ရူပက္ခန္ဓာ" ဟာ . . . ဘာကြောင့် ဖြစ်လာရတယ်ဆိုတာကို . . . ရှင်းပြနိုင်သော ပညာ . . . ဘယ်မှာမှမရှိပါဘူး။

ဒါကိုသေချာနားလည်အောင်စဉ်းစားပါ။ မျက်စိမမြင်ရခြင်း၊ နားမကြားရခြင်း၊ စိတ်မခိုင်ခြင်း စသည့်တို့သည် . . . ကုသလဟေတု (၃) ပါးတခုမှမပါပဲ . . . "အဟေတုက ပဋိသန္ဓေ" အဖြစ်တည်လာရလို့ . . . ဖြစ်လာရတာပါ။ ဒါဟာအကြောင်းတရားဖြစ်ပါတယ်။

အဲဒီအကြောင်းတရားကို ဆုပ်ကိုင်၍ . . . သေသေချာချာရှင်းပြနိုင်တာဟာ . . . ဒီဒေသနာမှာပဲရှိပါတယ်။ အဲဒီအကြောင်းကို သေသေချာချာစဉ်းစားရပါမယ်။

ဗုဒ္ဓဘာသာအမိအဖများက ဒီလိုကလေးလေးတွေကိုတွေ့ရင် . . . သူတို့ဟာ . . . ဘဝကပြုခဲ့သော ကံစွမ်းအားနည်းလို့ . . . ဖြစ်ရတာပါလို့ပြောပါတယ်။ လက်ညှိုးထိုးပြရမှာက . . . မျက်စိမမြင်ခြင်း၏ အကြောင်းဟာ . . . ထိုကလေး၏အတိတ်ဘဝက . . . ကုသလ ကံစွမ်းအားကနည်းလို့ ဖြစ်ရပါတယ်။

အဲဒါဟာ ဘဝကိုပေးတဲ့ ကံစွမ်းအားဖြစ်ပါတယ်။ အဲဒီမှာ . . . ဗုဒ္ဓဘာသာနှင့် မတူသော . . . ဘုရားသခင်ဖန်ဆင်း၍ လူဖြစ်လာရတယ်လို့ . . . ယုံကြည်ထားတဲ့ ဘာသာတရားများရှိကြပါတယ်။ အဲဒီပြဿနာမျိုးသူတို့မှာ တွေ့ရပါတယ်။

ကလေးကမွေးလာကတည်းက နားမကြားဘူး၊ မျက်စိမမြင်ဘူးဆိုရင် . . . သူတို့မှာ . . . ဘာပြဿနာဖြစ်သလဲဆိုရင် . . . ဖန်ဆင်းပေးသော ဘုရားသခင်ဟာ သူ့သားသမီးကို မျက်စိမပါ၊ နားမပါတာ . . . ဖန်ဆင်းပေးလိုက်တယ်ဆိုကတည်းက . . . အဲဒီ ဘုရားသခင် အပေါ်မှာ သူတို့ဘယ်လိုမြင်သလဲ . . . "ညိုညင်ပါတယ်" . . . သူများသားသမီးပြည့်စုံ သလို သူ့သားသမီးက မပြည့်စုံခြင်းကြောင့် ဘုရားသခင်အပေါ်မှာ . . . ဘာမှမပြောရဲ ပေမယ်လို့ သူတို့မကြိုက်ပါဘူး။



သူ့အလုပ်နဲ့သူလုပ်နိုင်အောင် "ကံစွမ်းအား" က အထောက်အပံ့ပေးပါတယ်။ အဲဒါက "ကံစွမ်းအား" က"ရုပ်ဓာတ်" များကို . . . အထောက်အပံ့ပေးတာဖြစ်ပါတယ်။

ကံကြောင့်ဖြစ်တဲ့ရုပ်များကို "ကမ္မဇရုပ်" လို့ခေါ်ပါတယ်။ "ကမ္မဇရုပ်" ဆိုတာဟာ . . . ဒီခန္ဓာမှာရှိနေတဲ့ ရှင်မှုဆိုတဲ့ "ဇဝိတိန္ဒြိယရုပ်"၊ စက္ခုပသာဒ၊ သောတပသာဒ ဆိုတဲ့ "အကြည်ရုပ်" . . . အဲဒီ "အကြည်ရုပ်" တွေကို ဝန်းရံနေတဲ့ "ကံစွမ်းအား" ကထောက်ပံ့ ပေးနေရပါတယ်။

အဲဒီရုပ်တွေကို အသစ် . . . အသစ် . . . ဖြစ်အောင်ထောက်ပံ့ပေးပါတယ်။ ထို့အတူပါပဲ . . . "နာမ်ဓာတ်" ခေါ်တဲ့ "စိတ်" ကိုလည်း အသစ် . . . အသစ် . . . ဖြစ်အောင် ထောက်ပံ့ပေးပါတယ်။

အဲဒီမှာ . . . မြင်တဲ့အခါ "မြင်စိတ်" ကြားတဲ့အခါ "ကြားစိတ် . . . "အနံ့စိတ်" . . . "အရသာစိတ်" . . . "အတွေ့စိတ်" ဆိုတဲ့ စိတ်ကလေးတွေဟာ . . . "ကံစွမ်းအား" ကြောင့်ထွက်ပေါ်လာတာဖြစ်ပါတယ်။ သူတို့ကို "ဝိပါကစိတ်" ဝိပါကဝိညာဉ်" လို့ခေါ်ပါတယ်။

ဝန်းရံနေသော "ကံစွမ်းအား" အဆောက်အဦးကြီးက "နာနက္ခဏိက ကမ္မ" အဆောက်အဦးကြီးက . . . "ဝိပါကဝိညာဉ်" ခေါ်တဲ့ "မြင်စိတ်" . . . "ကြားစိတ်" ဖြစ်အောင်လည်း ထောက်ပံ့ပေးပါတယ်။ "မျက်စိအကြည်" "နားအကြည်" ဖြစ်အောင်လည်း ထောက်ပံ့ပေးပါတယ်။ သူတို့ကို "ရုပ်အသစ်" "နာမ်အသစ်" ဖြစ်အောင် ထောက်ပံ့ပေးနေ ပါတယ်။

"နာမ်အသစ်" ဖြစ်တယ်ဆိုတာဟာ . . . အခုပြောနေတဲ့ အသံများကို "ကြားတဲ့စိတ်" ဖြစ်ပါတယ်။ ဖြစ်တဲ့စိတ်ကလေးတွေဟာ စကားလုံးတစ်လုံးပြီးတစ်လုံး . . . ကြားစိတ်အသစ် ကလေးတွေ တစ်ခုပြီးတစ်ခုဖြစ်ပါတယ်။ အဲဒီသဘာကို သေသေချာချာစဉ်းစားရပါမယ်။

အခုလို ပြောတဲ့စကားလုံးများကို ကြားနေတယ်ဆိုတာဟာ . . . "ကြားစိတ်" ဖြစ်နေလို့ ကြားရတာပါ။ "ကြားစိတ်" ကလေးတွေဟာ . . . စကားလုံးတစ်လုံးပြီးတစ်လုံး ဖြစ်ပြီးတော့

ပျောက်ကွယ်သွားပါတယ်။ သို့သော် "ကြားသိစိတ်" ဖြစ်အောင် ထောက်ပံ့ပေးနေတာဟာ . . . "ကမ္မ" ဖြစ်ပါတယ်။ သူတို့ဟာ ခန္ဓာငါးပါးမှာပဲ ဝန်းရံနေပါတယ်။

အဲဒီ "ကမ္မ" ကထောက်ပံ့ပေးနေတဲ့ စိတ်ကို "ကမ္မဝိညာဉ်" ခေါ်ပါတယ်။ ထို့အတူပဲ "မျက်စိအကြည်" "နားအကြည်" တို့ကို အလုပ်လုပ်နိုင်အောင်လည်း ထောက်ပံ့ပေးနေပါတယ်။ အဲဒီ ရုပ်တရားကို "ကမ္မဇရုပ်" လို့ခေါ်ပါတယ်။ ရုပ်၊ နာမ် (၂) ပါး အသစ် . . . အသစ် . . . ဖြစ်အောင် ထောက်ပံ့ပေးတဲ့ "ကံစွမ်းအား" ရှိပါတယ်။ အဲဒီ "ကံစွမ်းအား" ကို နာမည်ပေးပါတယ်။ "ဇနကကံ" လို့ခေါ်ပါတယ်။

အဲဒီ ကံတွေရဲ့လုပ်ငန်းသဘောကို လိုက်၍ ရုပ်-နာမ် (၂) ပါး၊ ရုပ်အသစ်၊ နာမ်အသစ်များ ဖြစ်ပေါ်လာအောင် အထောက်အပံ့ပေးသောကံကို "ဇနကကံ" လို့ခေါ်ပါတယ်။ "ဇနကကံ" က ထောက်ပံ့ပေးနေလို့ဖြစ်ပေါ်လာတဲ့ "စိတ်" ကို "ဝိပါကဝိညာဉ်"လို့ ခေါ်ပါတယ်။ ရုပ်ကိုတော့ "ကမ္မဇရုပ်" လို့ခေါ်ပါတယ်။ အဲဒီသဘောကို သေသေချာချာ နားလည်အောင်စဉ်းစားရပါမယ်။

အဲဒါဟာ . . . မိမိမှာ ရှိနေသာ "စိတ်" နဲ့ "ကိုယ်" သို့မဟုတ် "နာမ်နဲ့ရုပ်" (၂) ပါးတို့ကို အသစ် . . . အသစ် . . . ဖြစ်အောင် ထောက်ပံ့ပေးနေသော "ကံစွမ်းအား" ကို "ဇနကကံ" လို့ခေါ်ပါတယ်။ အဲဒီသဘောအပြင် ထပ်ပြီးစဉ်းစားရပါမယ်။

ဒီ "ကံစွမ်းအား" တွေထဲမှာ . . . ကောင်းကံစွမ်းအားတွေလည်းပါတယ်၊ မကောင်း ကံစွမ်းအားတွေလည်းပါပါတယ်။ ကောင်းကံစွမ်းအားတွေကပေးတဲ့ အကျိုးတရားတွေရှိ ပါတယ်။ အဲဒီမှာ သေချာပြန်စဉ်းစားပါ . . .

ဒီခန္ဓာငါးပါး . . . ရုပ်-နာမ်တရား (၂) ပါးကိုပင် မကဘူး . . . ဒီခန္ဓာငါးပါး . . . ဘဝခရီးကို လျှောက်နေတဲ့အခါ . . . အသုံးအဆောင်ပစ္စည်း အမျိုးမျိုးရှိပါတယ်။ အဲဒါတွေ တိုးပွားလာအောင် ဖြစ်ပေါ်လာအောင် ထောက်ပံ့ပေးတဲ့ ကံစွမ်းအားလည်းရှိပါတယ်။ အဲဒီအကြောင်းကို ပြောရပါမယ်။



"အဟေတုက" ပဋိသန္ဓေလို့လည်းခေါ်ပါတယ်။ သူတို့မှာ . . . ကုသလဟိတ်သုံးခုထဲက တစ်ခုမှမပါပဲ ပဋိသန္ဓေတည်ရခြင်းဖြစ်ပါတယ်။

သို့သော် . . . ကုသိုလ်အားကြောင့် သူဟာ "လူ့ဘဝ" တော့ရရှိပါတယ်။ ဒီလို "အဟိတ် ပဋိသန္ဓေ" နဲ့ လူ့ဘဝကိုရလာသောကလေးဟာ . . . အမိဝမ်းတိုက်ကတည်းကိုက အားနည်းတော့ . . . မျက်စိအကြည်ရုပ်မဖြစ်တဲ့ကလေးလည်းရှိတယ်။ မျက်စိအကြည်ရုပ် မဖြစ်ရင် ပဋိသန္ဓေတည်ကတည်းက မျက်စိမပါတော့မွေးလာကတည်းက မမြင်ရှာပါဘူး။

ထို့အတူ . . . နားအကြည်ရုပ်မပါတဲ့ကလေးလည်းရှိပါတယ်။ အဲဒီကလေးက မွေးလာကတည်းက နားမကြားပါဘူး။ အဲဒါတွေဟာ . . . "အဟိတ်ပဋိသန္ဓေ" ကြောင့် ဖြစ်ရ ပါတယ်။ ကုသလဆိုတဲ့ ကောင်းကံစွမ်းအားကြောင့် လူ့ဘဝကိုရောက်အောင် . . . ပို့ပေး သော်လည်းပဲ . . . သူပြုခဲ့သော ကံစွမ်းအားတွေထဲမှာ . . . ဒီ "နာနက္ခဏိက" ထဲမှာ အခုပြောနေတဲ့ . . . "အလောဘ၊ အဒေါသ၊ အမောဟ" ဆိုတဲ့ ဟိတ် (၃)ပါး . . . တစ်ပါး မှမပါရင် . . . သူ့ကို အဟိတ်ပဋိသန္ဓေ လို့ ခေါ်ပါတယ်။

အဲဒီ "အဟိတ်ပဋိသန္ဓေ" ဟာ မျက်စိမမြင်တဲ့ကလေးလည်းဖြစ်ချင်ဖြစ်မယ်၊ နားမကြားတာလည်း ဖြစ်ချင်ဖြစ်မယ်။ လူဖြစ်လာတဲ့အခါ . . . စိတ်ကမမှန်တာလည်း ရှိရင် ရှိပါမယ်။ အဲဒီလို "အဟိတ်ပဋိသန္ဓေ" နဲ့ လူဖြစ်လာရတာတွေရှိနေပါတယ်။

အဲဒီသဘာဝတရားတွေကို သေသေချာချာ နားလည်အောင်စဉ်းစားကြပါ။ ဒီလောက ထဲမှာ . . . မွေးကတည်းက မျက်စိမမြင်တာ၊ နားမကြားတာ အဲဒီကလေးတွေရှိနေကြပါတယ်။ မြင်ဘူး၊ တွေ့ဘူးကြပါတယ်။ အဲဒီလို ဖြစ်ရခြင်းဟာ သူတို့တည်ဆောက်ခဲ့သော . . . "နာနက္ခဏိက" ကံစွမ်းအားကြီးထဲမှာ . . . "အလောဘ၊ အဒေါသ၊ အမောဟ" ဆိုသော . . . ကုသလဟေတု (၃)ပါး၊ မပါခြင်းကြောင့် . . . သူတို့တည်ထားတဲ့ ပဋိသန္ဓေမှာ အားနည်း သွားပြီး . . . မျက်စိမမြင်တာ၊ နားမကြားတာတွေ ဖြစ်သွားရပါတယ်။

"နာနက္ခဏိက" ကံအဆောက်အဦကြီးထဲမှာ . . . ရုပ်ဇီဇနဲ့ နာမ်ဗီဇကိုတည်ပေး လိုက်တဲ့အခါ . . . အရင်းအမြစ်ကနေ အထောက်အပံ့ပေးနေတဲ့ သဘာဝဓာတ် (၆)မျိုးရှိ ပါသေးတယ်။ အဲဒီဟာကို "ဟေတု" သဘာဝလို့ခေါ်ပါတယ်။

အဲဒီ "ဟေတု" မှာ . . . အကုသလက (၃) ပါး၊ ကုသလက (၃) ပါး . . . အသီးသီး ရှိကြပါတယ်။ အဲဒီ အကုသလ (၃) ပါးမှာ . . . "လောဘ" . . . "ဒေါသ" . . . "မောဟ" . . . တို့ကို အကုသလဟေတု (၃) ပါးလို့ခေါ်ပါတယ်။ သူ့ရဲ့ဆန့်ကျင်ဘက် . . . "အလောဘ" . . . "အဒေါသ" . . . "အမောဟ" . . . တို့ကို ကုသလဟေတု (၃) ပါးလို့ ခေါ်ပါတယ်။ အဲဒါကို (၂) မျိုးပေါင်းလိုက်ရင် (၆) ပါးဖြစ်ပါတယ်။ သူတို့ကို ဟေတုတရား (၆) ပါးလို့ခေါ်ပါတယ်။ အတိုကောက်ခေါ်ရင် . . . ဟိတ် (၆) ပါး . . . ဖြစ်ပါတယ်။

လူ့ဘဝ၊ လူ့ခန္ဓာကို "ကုသလကမ္မ" ဆိုတဲ့ ကောင်းသောကံစွမ်းအားကတည်ပေးရ ပါတယ်။ အဲဒီအခါမှာ "ကုသလဟိတ် (၃) ပါး" ပါရှိလာပါတယ်။ အဲဒီ ကုသလ ဟိတ် (၃) ပါးကတော့ . . . "အလောဘ" "အဒေါသ" . . . "အမောဟ" . . . တို့ဖြစ်ကြပါတယ်။ အဲဒီဟိတ် (၃) ပါးနဲ့ ပဋိသန္ဓေတည်ရင် "တိဟိတ်ပဋိသန္ဓေ" လို့ပြောပါတယ်။ "တိဟိတ်" ဆိုတာ . . . ဟေတုတရား (၃) ပါးလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါဟာ . . . ကုသလဟေတု တရား (၃) ပါးဖြစ်ပါတယ်။ "အလောဘ၊ အဒေါသ၊ အမောဟ" ဆိုတဲ့ အား(၃) ခုနဲ့တည်သော "ပဋိသန္ဓေ" ဟာ စွမ်းအားအကောင်းဆုံးဖြစ်ပါတယ်။

အဲဒီမှာ . . . "အမောဟ" ဆိုတာ "ပညာ" အားဖြစ်တယ်။ အဲဒီ အမောဟဆိုတဲ့ ပညာအားမပါခဲ့ရင် . . . သုံးခုမဖြစ်တော့ပါဘူး . . . "အလောဘ" . . . "အဒေါသ" . . (၂) ခုပါပြီးဖြစ်ပေါ်လာသော ပဋိသန္ဓေကို "ဒွိဟိတ်ပဋိသန္ဓေ" လို့ခေါ်ပါတယ်။ အဲဒီထက်ပို၍ ညံ့ဖျင်းသော . . . "ပဋိသန္ဓေ" လည်းရှိပါသေးတယ်။

"အလောဘ" လည်းမပါ၊ "အဒေါသ" လည်းမပါ၊ "အမောဟ" လည်းမပါ သောအခါ . . . "အဟေတုက ပဋိသန္ဓေ" လို့ခေါ်ပါတယ်။ မြန်မာတို့က "ပဋိသန္ဓေ" လို့ပြောပါတယ်။



လူဖြစ်လာရင် . . . မိမိတို့ရဲ့ကိုယ်ပိုင် "ဉာဏ်အား" . . . "ဝီရိယအား" . . . တွေ ရှိကြပါတယ်။

အဲဒီမှာ "ဉာဏ်အား" နဲ့ "ဝီရိယအား" ကို အသုံးပြုပြီး အလုပ်လုပ်ရင် . . . ဉာဏ်အား ဝီရိယအားကြောင့် . . . ပစ္စည်းများရရှိပါတယ်။ အဲဒါကို အဓိပ္ပာယ်ပေါ်အောင် ကိန်းဂဏန်း နဲ့ပြပါမယ်။

"ဉာဏ်အား" နဲ့အလုပ်လုပ်တော့ (၁၀၀) ဘိုးအကျိုးတရားရမယ်။ "ဝီရိယ"အားနဲ့ ဆောင်ရွက်တာက (၁၀၀)ဘိုးရမယ်။ အဲဒီတော့ အကျိုးတရားဟာ . . . (၂၀၀)ရ ရပါမယ်။ ဒါပေမယ်လို့ (၂၀၀) မကဘူး . . . (၃၀၀) ရတယ်။ ဒီတော့ (၁၀၀)ပိုရလာပါမယ်။ အဲဒီဉာဏ် အား၊ ဝီရိယအားထက် (၁၀၀) ပိုရတာဟာ . . . အဲဒီ "ကုသလကမ္မ" က အထောက်အပံ့ ပေးလို့ ပိုရတာဖြစ်ပါတယ်။

အဲဒါကို သေချာနားလည်အောင် ကြည့်ရပါမယ်။ ဒီလိုအပေါင်းလက္ခဏာနဲ့ . . . ဉာဏ်အား၊ ဝီရိယအားနဲ့လုပ်တဲ့အထဲမှာ . . . ပို၍ ရလာတာဟာ . . . ကုသလကမ္မစွမ်းအား ကြောင့်ဖြစ်ပါတယ်။ အဲဒီလို အပေါင်းလက္ခဏာနဲ့ ပြတဲ့ဟာကို . . . "ဥပတ္ထမ္ဘက ကံစွမ်းအား" လို့ ခေါ်ပါတယ်။

အဲဒီဟာမှာ . . . "သဘာဝတရား" ကို နားလည်အောင် တစ်၊ နှစ်၊ သုံး၊ လေး . . . အရေအတွက်နဲ့ ပြရတာဖြစ်ပါတယ်။ ဒါက . . . ရရှိထားတဲ့ စီးပွား၊ ဥစ္စာ၊ ရွှေငွေ တို့ မိမိ၏ ဉာဏ်အား၊ ဝီရိယအားထုတ်၍ လုပ်ကိုင်ထားသည်ထက် . . . ပို၍ . . . ရရှိလာရင် . . . "ဥပတ္ထမ္ဘက ကံစွမ်းအား" က အထောက်အပံ့ပေး၍ . . . ရရှိခြင်း ဖြစ်ပါတယ်လို့ မှတ်ယူပါ။

အဲဒီလို ကောင်းသောအထောက်အပံ့ပေးတဲ့ ကံစွမ်းအားတွေက . . . အခုလို အသုံးအဆောင်ပစ္စည်း ရွှေငွေရတနာတွကို . . . တိုးပွားအောင် လုပ်ပေးနေတာလည်း . . . "ဥပတ္ထမ္ဘကကံ" ဖြစ်ပါတယ်။ ဒါတင်မကပါဘူး . . . မိတ်ကောင်း၊ ဆွေကောင်း၊ အပေါင်းအသင်းတွေပေါ်များတာလည်း . . . "ဥပတ္ထမ္ဘကကံ" ကြောင့် ဖြစ်ပါတယ်။

မိမိရဲ့ဂုဏ်သတင်း . . . ကောင်းသတင်းများကို ပြောဆိုနေကြတာလည်း . . . "ဥပတ္ထမ္ဘကကံ" ကြောင့်ပါပဲ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြစ်အောင် လုပ်ပေးနေတာလည်း . . . "ဥပတ္ထမ္ဘကကံ"ပါပဲ။ အဲဒါတွေဟာ "ကုသလကမ္မ" ရဲ့ အကျိုးတရားများ ဖြစ်ပါတယ်။ အခု "ဥပတ္ထမ္ဘကကံ" ကိုလည်း သိပါပြီ။

"ဇနကကံ" က . . . နာမ်အသစ် . . . ရုပ်အသစ်ကို ထုတ်ပေးတဲ့စွမ်းအားဖြစ်ပါတယ်။ ဝတ္ထုပစ္စည်းများပေါ်များလာအောင် ထောက်ပံ့ပေးတာက "ဥပတ္ထမ္ဘက" ကံစွမ်းအားဖြစ်ပါတယ်။

အဲဒီသဘောအပြင် . . . ဒီနေရာမှာ ဉာဏ်အားက (၁၀၀) ဘိုး၊ ဝီရိယအားက (၁၀၀) ဘိုးအလုပ်လုပ်ပါတယ်။ အဲဒီမှာ (၂၀၀) ရ ရမယ့်အစား . . . (၁၀၀) ပဲ ရတယ်ဆိုရင် . . . (၁၀၀) ယုတ်လျော့သွားပါတယ်။ ဒါကြောင့် အနုတ်လက္ခဏာပြနေပါတယ်။ အဲဒီကံမျိုးကို "ဥပပီဠက ကံစွမ်းအား" လို့ခေါ်ပါတယ်။ ဒီကံစွမ်းအားက အနုတ်လက္ခဏာပြပါတယ်။

ဒီလို အနုတ်လက္ခဏာပြတယ်ဆိုတာဟာ . . . စီးပွားဥစ္စာယုတ်လျော့တာကို ပြောတာဖြစ်ပါတယ်။ အဲဒါဟာ . . . "အကုသလကမ္မ" ရဲ့စွမ်းအားဖြစ်ပါတယ်။ အဲဒီ . . . "ဥပပီဠကကံ" ဟာ အထောက်အပံ့ပေးတဲ့ "ဥပတ္ထမ္ဘကကံ" ရဲ့ ဆန့်ကျင်ဘက်သဘောဖြစ်ပါတယ်။

ဒီတော့ . . . စီးပွားဥစ္စာယုတ်လျော့စေသောကံက . . . "ဥပပီဠကကံ" ဖြစ်ပါတယ်။ ဒီလိုပဲ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟ အခြံအရံများယုတ်လျော့အောင်လုပ်တာလည်း "ဥပပီဠကကံ" ပါပဲ။ ကောင်းသတင်းမရပဲနဲ့ မကောင်းသတင်းတွေ တိုးပွားတာကလည်း "ဥပပီဠကကံ" ကြောင့်ပါ။ ဒါ့အပြင် ရောဂါဝေဒနာတွေ၏ နှိပ်စက်ခြင်းကို ခံရတာလည်း "ဥပပီဠကကံ" ကြောင့်ဖြစ်ရပါတယ်။ အဲဒီကံဟာ အကုသလိုလ်ကံပဲဖြစ်ပါတယ်။

အဲဒီကံတွေ ဘယ်ကလာတာလဲဆိုရင် . . . ခန္ဓာမှာ ဝန်းရံနေတဲ့ "ဇနကကံ အဆောက်အဦ" ကပဲ ဒီလိုဖြစ်အောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။



အတိတ်ကတည်ဆောက်ခဲ့သော ကံစွမ်းအားအဆောက်အဦကြီးက . . . ပစ္စုပ္ပန်ဘဝကို တည်ပေးတာဖြစ်ပါတယ်။ အဲဒီပညာဟာ အလွန်ခက်ပါတယ်။ အဲဒါကို "ပဋိသန္ဓိပညာ" လို့ခေါ်ပါတယ်။ အဲဒါကို သိပ္ပံပညာက "EMBROYOLOGY" ပညာဟု ခေါ်ပါတယ်။ သိပ္ပံပညာက . . . ပြောတဲ့အပိုင်းမှာ . . . ရုပ်ဗီဇတို့ဖြစ်ပေါ်လာပုံသဘောဟာ ဒီ CHROMOSOME ခေါ်တဲ့ ဗီဇရုပ်တွေတွဲလို့ ဖြစ်တာပါလို့ပဲ . . . သိပ္ပံပညာကပြောနိုင်ပါတယ်။ "နာမ်ဗီဇ" အကြောင်းလည်း သိပ္ပံက မပြောနိုင်ပါဘူး။

ဒေသနာက . . . ဒီနာမ်ဗီဇ ဖြစ်လာအောင် ရုပ်ဗီဇဖြစ်လာအောင် တည်ထောင်ပေးတာဟာ - "နာနာက္ခဏိက" ကံစွမ်းအားအဆောက်အဦဖြစ်ပါတယ်။

သူက . . . သူ့စွမ်းအားနဲ့သူ အသေးစိတ်အလုပ်တွေကို သေသေချာချာသူ့အပိုင်းနဲ့ သူ့ကဏ္ဍရှင်းပြစရာ ပညာရပ်တွေဟာ . . . ဒေသနာတော်မှာ အများအပြားရှိနေပါတယ်။

သို့သော် မိမိကိုယ်တိုင်သိရမယ့်အချက်က . . . အကြမ်းဖျင်းအားဖြင့် . . . ဒီရုပ်ဒီခန္ဓာကို ပထမဦးဆုံးတည်ပေးသောအချိန်ကလေးကို "ပဋိသန္ဓိခဏ" လို့ခေါ်ပါတယ်။ အဲဒီ ပဋိသန္ဓိခဏ ဆိုတာဟာ . . . ဘယ်အချိန်လဲ . . . ဆိုရင် . . . အမိဘက်က CHROMO-SOME တွေနဲ့ အဖဘက်က CHROMOSOME တွေ . . . "တွဲတဲ့အချိန်" ဟာ "ပဋိသန္ဓိခဏ" ဖြစ်ပါတယ်။ တွဲတဲ့အချိန်ကို . . . MOMENT OF CONCEPTION လို့ခေါ်ပါတယ်။

အဲဒီ "ပဋိသန္ဓိခဏ" မှာ နာမ်ဗီဇနဲ့ ရုပ်ဗီဇ (၂)ခုကို ကံအဆောက်အဦကြီးက ချက်ချင်းတည်ပေးလိုက်ပါတယ်။ သူတည်လိုကတယ်ဆိုကတည်းက သူ့စွမ်းအားနဲ့သူပြည့်စုံအောင်တည်ပေးပါတယ်။ အဲဒီအခါမှာ . . . "ကုသလကမ္မ" စွမ်းအားတွေလည်းပါတယ်၊ "အကုသလကမ္မ" စွမ်းအားတွေလည်းပါပါတယ်။

"အကုသလ" အားကောင်းရင် အရုပ်ဆိုးတာ၊ စိတ်အားနည်းပြီး ဉာဏ်ထိုင်းတာတွေ ဖြစ်လာပါတယ်။ အဲဒီမှာ တစ်ဆင့်တက်ပြီး နားလည်အောင်ပြောပါဦးမယ်။

အခုလို ပညာရပ်တွေကို ထိုက်သင့်သည့်အားလျော်စွာ . . . သင်ယူရတော့ . . . ယောကျ်ားဖြစ်လာရခြင်းရဲ့အကြောင်း၊ မိန်းမဖြစ်လာရခြင်း၏အကြောင်းသည် . . . "ကံစွမ်းအား"ရဲ့ စီစဉ်ပေးမှုကြောင့်ဖြစ်တယ်ဆိုတာကို သိပါပြီ။ ဒီစွမ်းအားဟာ ဒီရုပ်နာမ်မှာပဲ ဝန်းရံနေတဲ့စွမ်းအား ဖြစ်ပါတယ်။

အဲဒီမှာ . . . မှတ်ဉာဏ်ကောင်းတာ၊ မှတ်ဉာဏ်မကောင်းတာ၊ စဉ်းစားဉာဏ်ကောင်းတာ၊ စဉ်းစားဉာဏ်မကောင်းတာ၊ . . . အဲဒီလို အသီးသီး . . . တစ်ဦးနဲ့တစ်ဦး မတူပဲ ကွဲပြားခြားနားကြခြင်းဟာ . . . "ကံစွမ်းအား" ပေါ်မှာ မူတည်ပြီးနေပါတယ်။ အဲဒီကံကို . . . "နာနက္ခဏိက" ကံစွမ်းအားလို့ ခေါ်ပါတယ်။

ဒီ "နာနက္ခဏိက" ကံစွမ်းအားက ခန္ဓာငါးပါးမှာ ဝန်းရံနေပါတယ်။ အဲဒီခန္ဓာငါးပါး ချုပ်တာနဲ့ကတစ်ပြိုင်တည်း ခန္ဓာအသစ် . . . ကိုတည်ထောင်ပေးပါတယ်။ ဒီလို ခန္ဓာအသစ် တည်ထောင်ပေးတဲ့ကိစ္စကို "ပဋိသန္ဓိ ကိစ္စ" လို့ခေါ်ပါတယ်။ အဲဒါကို အဓိပ္ပာယ်ရှင်းရှင်း လင်းလင်းသိဖို့ဆိုတာဟာ . . . ဒီဒေသနာမှာမှ ပြည့်ပြည့်စုံစုံပြောနိုင်ပါတယ်။

ဒီဒေသနာမှအပ ဖြစ်သောအခြားသောဘာသာများက ဒီလိုစနစ်တကျ မပြောနိုင်ပါဘူး။

သိပ္ပံပညာကလည်းပဲ . . . သိပ္ပံပညာအတိုင်း တိတိကျကျ ပိုင်းပိုင်းခြားခြား . . . "23 CHROMOSOME" ရှိတယ်၊ အဲဒီ CHROMOSOME တွေထဲမှာ ပါတဲ့ DNA ခေါ်တဲ့ DEOXYRIBONUCLEIC ACID တွေ အလုပ်လုပ်တယ်။ ဒီလိုပြောနိုင်ပေမယ်လို့ . . . အခုလို ရုပ်ချောခြင်း၊ ရုပ်ဆိုးခြင်း၊ အသားဖြူခြင်း၊ အသားညိုခြင်း၊ ယေကျ်ားဖြစ်ခြင်း၊ မိန်မဖြစ်ခြင်း တို့၏အကြောင်းကို သိပ္ပံက မပြောနိုင်ပါဘူး။

အဲဒီလို ရုပ်ဆင်းလှပခြင်း၊ အရုပ်ဆိုးခြင်း၊ ခန္ဓာကိုယ်၏အသွင်သဏ္ဍာန်အမျိုးမျိုး . . . ယောကျ်ားဖြစ်စေခြင်း၊ မိန်းမဖြစ်စေခြင်း . . . ဆိုတာတွေကို "ကံစွမ်းအား" ကဆောင်ရွက်ပေးပါတယ်။ အဲဒီကံစွမ်းအားဟာ တစ်ခြားသူတည်ဆောက်လို့ရတဲ့ ကံစွမ်းအားမဟုတ်ပါဘူး။ ဒီခန္ဓာငါးပါးကပဲ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။



"ကုသလ ကမ္မ" က ဆောင်ရွက်ပေးတော့ . . . "ဥပတ္ထမ္ဘကကံ" ပါ။ အကုသလ . . . က ဆောင်ရွက်ပေးတော့ "ဥပပီဠကကံ" ဖြစ်ပါတယ်။ အဲဒီ သဘာဝတရားတွေဟာ . . . "ကမ္မ" နဲ့ "ဝိပါက" . . . သို့မဟုတ် "ကံစွမ်းအား" နဲ့ "အကျိုးတရား" များဖြစ်ကြပါတယ်။

ဒီထက်ပိုပြီးဆိုးတဲ့ အကုသလ ကမ္မ ရှိသေးပါတယ်။ ရုပ်-နာမ် (၂) ပါးစလုံးပျက်စီးအောင် "ဇီဝိတိန္ဒြေ" ချုပ်အောင် ဖျက်ဆီးတဲ့ကံဖြစ်ပါတယ်။ ကားတိုက်ခံရလို့သေသွားတာ၊ လက်နက်ကြောင့်သေရတာ . . . ဘာဖြစ်လို့ . . . ညာဖြစ်လို့သေတာဟာ "အကုသလကမ္မ" ရဲ့စွမ်းအားကြောင့်ဖြစ်ပါတယ်။ သူ့ကို "ဥပစ္ဆေဒကကံ" လို့ ခေါ်ပါတယ်။ အဲဒီ ကံစွမ်းအားတွေက . . . ခန္ဓငါးပါးမှာ ဝန်းရံနေပါတယ်။ အကျိုးပေးစရာရှိလည်း ဒီလိုဝန်းရံနေတဲ့ "ကံစွမ်းအား" ကပဲ အကျိုးပေးပါတယ်။ အပြစ်ပေးစရာရှိရင်လည်း ဒီဝန်းရံနေတဲ့ ကံစွမ်းအားကပဲ အပြစ်ပေးပါတယ်။ အဲဒီ သဘာဝတရားတွေကို သေသေချာချာ နှလုံးသွင်းဖို့လိုပါတယ်။ ကံ . . . ကံ၏အကျိုးကို နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။

အခုစဉ်းစားလို့ရှိရင် . . . ပစ္စုပ္ပန်တည့်တည့်မှာ . . . မိမိတွင်ရှိနေသော အခြေအနေများ ကောင်းမွန်ဖို့အရေးကြီးပါတယ်။ မျက်စိကောင်းဖို့၊ နားကောင်းဖို့၊ မျက်စိက မြင်စိတ်၊ နားက ကြားစိတ်တွေ ကောင်းစွာဖြစ်ပေါ်နေဖို့ "ကံစွမ်းအား" ကပဲထောက်ပံ့ပေးနေပါတယ်။

အဲဒီ "ကံစွမ်းအား" ဟာ ရုပ်အသစ်၊ နာမ်အသစ်ကို တီထွင်ပေးတဲ့အားဖြစ်လို့ . . . "ဇနကကံစွမ်းအား" လို့အမည်ပေးပါတယ်။

အဲဒီ ကံစွမ်းအားတွေဟာ . . . ခန္ဓာငါးပါးမှာ ဝန်းရံနေတဲ့ "နာနာက္ခဏိက ကံစွမ်းအား" အဆောက်အဦကြီးထဲက ထွက်လာတာဖြစ်ပါတယ်။

ဇနကကံ . . .၊ ဥပတ္ထမ္ဘကကံ . . .၊ ဥပပီဠကကံ . . .၊ ဥပစ္ဆေဒကကံ . . . ဆိုတာတွေဟာ . . . ဒီကံအဆောက်အဦကြီးထဲမှာရှိတဲ့ အားတွေကိုထုတ်နှုတ်ယူ၍ အကျိုးအဖြစ် သုံးစွဲနေရပါတယ်။

ဇနကကံ . . . နဲ့လည်း ထုတ်သုံးတယ်၊ ဥပတ္ထမ္ဘကကံ . . . နဲ့လည်း ထုတ်သုံးတယ်၊ ဥပပီဠကကံ . . . အဖြစ်နဲ့လည်း ထုတ်သုံးတယ်။

အဲဒီ သဘာဝတရားတွေကို သေသေချာချာစဉ်းစားဖို့လိုပါတယ်။

နောက်တစ်ခုပြောရမှာက . . . မနေ့ကလည်းပြောခဲ့ပါပြီ။ ဒီ "ကံစွမ်းအား" ကြီးက ဝန်းရံထားပါတယ်။ အဲဒီ ကံစွမ်းအားကြီးက ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အလုပ်လုပ်တိုင်း၊ ဒီစေတနာစွမ်းအားတွေက အလုပ်လုပ်တိုင်း . . . "ကံ" အဖြစ်နဲ့ တိုးပွားနေပါတယ်။ ဒီလိုဝန်းရံနေတာကြီးကို "နာနာက္ခဏိက ကံစွမ်းအား" အဆောက်အဦလို့ ခေါ်ပါတယ်။

အဲဒီ . . . အဆောက်အဦကြီးနဲ့ နေနေတာက ဟောဒီခန္ဓာငါးပါးပျက်တဲ့အချိန်၊ သေတဲ့အချိန် . . . သေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ . . . ဒီခန္ဓာကိုယ်မှာရှိနေသော "ဥသမာ" ခေါ်တဲ့ အပူဓာတ်၊ တေဇောဓာတ်လည်းချုပ်ငြိမ်းသွားပါတယ်။ "အာယု" ခေါ်တဲ့ ရှင်မှုလည်းချုပ်ငြိမ်းသွားတယ်။ ပြီးတော့ အခုပြောနေတဲ့ မြင်စိတ်၊ ကြားစိတ်၊ အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ် ဆိုတဲ့ "ဝိပါကဝိညာဉ်" ချုပ်သွားပါတယ်။ ဒီအကြောင်းသုံးပါး ချုပ်သောအချိန်ဟာ "သေခြင်း" ဖြစ်ပါတယ်။

ဒီတော့ . . . ဒီ ခန္ဓာကိုယ်ကြီး . . . ဒီ ခန္ဓာငါးပါးချုပ်သွားပြီဆိုတော့ . . . ဒီ ခန္ဓငါးပါးဟာ သူ့ဟာနဲ့သူရုပ်ဆိုင်းသွားပါတယ်။ သို့သော် ပြုစုခဲ့တဲ့ "နာနာက္ခဏိက" အဆောက်အဦကြီးက ရှိနေသေးပါတယ်။ ဒီတော့ သူ့ရဲ့စွမ်းအားက. . . ဒီ ခန္ဓငါးပါးချုပ်တာနဲ့ တစ်ပြိုင်တည်း . . . ချက်ချင်း . . . ဒီ ကံစွမ်းအားကြီးက . . . အသစ်ဖြစ်သော . . . "နာမ်ဗီဇ၊ နာမ်မျိုးစေ့"၊ အသစ်ဖြစ်သော . . . "ရုပ်ဗီဇ၊ ရုပ်မျိုးစေ့" . . . (၂)ခု ကို ချက်ချင်းတည်ပေးလိုက်ပါတယ်။ ကံစွမ်းအားကြီးက အခုလို . . . တည်ပေးလိုက်တာကို သေသေချာချာ . . . ဉာဏ်နဲ့ မြင်အောင်ဆင်ခြင်စဉ်းစားရပါမယ်။ အခုတည်ပေးလိုက်တာဟာ . . . "မျိုးစေ့" ဖြစ်ပါတယ်။ "မျိုးစေ့" ရဲ့သဘောမှာ . . . သူ့ရဲ့ "နိယာမ" ရှိပါတယ်။ မျိုးစေ့ကို "ဗီဇ" လို့ ခေါ်ပါတယ်။ သူ့ရဲ့ဖြစ်စဉ်ကို . . . "ဗီဇနိယာမ" လို့ ခေါ်ပါတယ်။



အဲဒီသဘောတွေအပြင် . . . ထူးတဲ့အချက်ကလေးတွေ အများကြီးရှိပါတယ်။ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် . . . အသားအရောင်ဖြူတာရှိတယ်၊ မဲတာရှိတယ်၊ ညိုတာရှိတယ်။ အဲဒီလို အသားအရောင်တွေကို ခွဲခြားပေးတဲ့စွမ်းအားကလည်း ဒီဗီဇရုပ်မှာရှိပါ တယ်။ အဲဒီဗီဇရုပ်ဖြစ်အောင် . . . "ကမ္မသတ္တိ" က ကြိုးကိုင်ပေးပါတယ်။

လူတစ်ယောက်နဲ့တစ်ယောက် တစ်မအေ၊ တစ်ဖအေတည်းက မွေးပေမယ်လို့ . . . တစ်ဦးနဲ့တစ်ဦး . . . ပုံသဏ္ဌာန်ချင်း . . . အဆင်းချင်း မတူကြပါဘူး။ ရုပ်ချောတာရှိတယ်။ ရုပ်ဆိုးတာရှိတယ်။ အရုပ်ဆိုးခြင်း၊ ရုပ်ချောခြင်းအကြောင်းတွေဟာ ဒီဗီဇရုပ်ပေါ်မှာ တည်ပါတယ်။

ဗီဇရုပ်တည်တုံးအချိန်မှာ . . . "ကံစွမ်းအား" က ကြိုးကိုင်နေပါတယ်။ ကံစွမ်းအားက ကြိုးကိုင်တဲ့အခါ . . . သူက ဒီဗီဇထဲမှာ . . . ရုပ်အဆင်းတို့၏ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းကိုပါ . . . ကံကထည့်ပေးလိုက်ပါတယ်။ ဒါကြောင့်မို့လို့ ရုပ်ချောတဲ့သူလည်းရှိတယ်။ ရုပ်ဆိုးတဲ့သူလည်းရှိပါတယ်။ အသားဖြူတာလည်းဖြစ်တယ်၊ အသားမဲတာလည်းဖြစ်တယ်။

အဲဒါတင်မက . . . ဆံပင်အရောင်၊ မျက်စိအရောင် . . . စသည် . . . စသည်တို့ ကွဲပြားခြားနားအောင် "ကံစွမ်းအား" ဆောင်ရွက်ပေးပါတယ်။ အဲဒါတွေကို သေသေချာချာ နားလည်အောင် . . . စဉ်းစားရပါမယ်။ ဒီလို အထောက်အပံ့ရသော ပညာများကို သင်ယူလို့ . . . ဒီပညာများကပေးတဲ့ အဓိပ္ပာယ်က . . . "ကမ္မသတ္တိ" ဆိုသော "ကံစွမ်းအား" ဟာ . . . ဘယ်ပုံဘယ်နည်း၊ သတ္တဝါတစ်ဦးရဲ့ဘဝကို တည်ထောင်ပေးတယ်။ ရုပ်ဘဝ၊ နာမ်ဘဝ။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ။ တို့ တစ်ဦးနဲ့မတူကြချင်းဆိုတာတွေဟာ . . . "ကံစွမ်းအား" အဖွဲ့ချင်း မတူခြင်းကြောင့် . . . ဖြစ်ရတယ်ဆိုတဲ့သဘောကို . . . သိလာစေပါတယ်။

အဲဒီဟာတွေကို သေသေချာချာသဘောပေါက်ရပါမယ်။ "ကံ" ဆိုတာဟာ အသေးစိတ်အလုပ်လုပ်ပေးပါတယ်။ ကိုယ်ကိုယ်တိုင်က ဒီပညာရပ်တွေကို လေ့လာထားခြင်း မရှိရင် . . . "ကံ" က ဘယ်ပုံအသေးစိတ်လုပ်တယ်ဆိုတာကို မသိနိုင်ပါဘူး။

အဲဒါက . . . ဘယ်လိုဖြစ်လာတာလဲဆိုရင် . . . ဘဝအဆက်ဆက်ကတည်းက ဒီကံစွမ်းအားကြီးတွေကို တည်ထားတဲ့ပုဂ္ဂိုလ်ဟာ . . . မိန်းမဖြစ်ရင် . . . မိန်းမဖြစ်လိုသော ဆန္ဒကိုသာ သူ့စိတ်က စွဲလန်းနေပါတယ်။ အဲဒီလို စွဲနေတဲ့အားက နောက်ထပ် ဘဝအသစ် တည်တဲ့အခါမှာ မိန်းမဖြစ်အောင် ဆောင်ရွက်ပေးပါတယ်။

ယောကျ်ားအဖြစ်နဲ့ ဘဝအဆက်ဆက်နေလာခဲ့တဲ့လူရဲ့ နာမ်ခန္ဓာအစဉ်မှာ . . . ယောကျ်ားဘဝကို စွဲနေပါတယ်။ အဲဒီအစွဲကပဲ ယောကျ်ားဆိုသော ပုဂ္ဂိုလ်ဖြစ်အောင်၊ “ပုမ္ဘာဝ” ဖြစ်အောင် ဆောင်ရွက်ပေးပါတယ်။ အဲဒီလိုဖြစ်အောင် ကံစွမ်းအားက ပါဝင်ဆောင်ရွက်ရပါတယ်။

ကံစွမ်းအားဟာ . . . အခုယောကျ်ားဖြစ်အောင်လည်း ဆောင်ရွက်ပေးပါတယ်။ မိန်းမဖြစ်အောင်လည်း ဆောင်ရွက်ပေးပါတယ်။ သိပ္ပံဆရာတွေပြောသလို အကြောင်းအားလျော်စွာ . . . By CHANCE ယောကျ်ားဖြစ်တယ်။ By CHANCE မိန်းမဖြစ်တယ် . . . လို့ဆိုတဲ့ သဘောမျိုးမဟုတ်ပါဘူး။

DETERMINING FACTOR ခေါ်တဲ့ ယောကျ်ားဖြစ်စေသော “ကံစွမ်းအား”၊ မိန်းမဖြစ်စေသော “ကံစွမ်းအား” . . . အဲဒီလို သူ့ကံနဲ့သူ . . . သူ့ရုပ်ကို ဖန်တီးပေးပါတယ်။ ဗီဇရုပ်ကို ဖန်တီးပေးသောအခါ ဒီသဘောတွေနဲ့ ဖန်တီးရတာဖြစ်ပါတယ်။ အဲဒါကို နားလည်အောင် စဉ်းစားရပါမယ်။

အဲဒါဟာ . . . “ကမ္မသတ္တိ” ၏ စွမ်းအားကိုသိအောင် ရှင်းပြပေးနေတာဖြစ်ပါတယ်။ “ကံ” အကြောင်းကို နားလည်အောင် စဉ်းစားနိုင်ဖို့အတွက် . . . သင်ယူနေတာဖြစ်ပါတယ်။

ယောကျ်ားမျိုးစေ့၊ မိန်းမမျိုးစေ့ ဖြစ်လာခြင်းဟာ . . . သိပ္ပံဆရာများပြောသလို အကြောင်းအားလျော်စွာ . . . ဖြစ်တာမဟုတ်ပါဘူး။ နောက်က ကံစွမ်းအားက ပါဝင်နေရပါတယ်။ ဒီကံစွမ်းအား တစ်ခုလုံးက ရုပ်ဗီဇကို တည်ပါတယ်။ တည်လိုက်တာနဲ့တစ်ပြိုင်တည်း ယောကျ်ားဖြစ်ဖို့ ၊ မိန်းမဖြစ်ဖို့ ဆိုတဲ့ ဗီဇတွေလည်းပါပါတယ်။



ရုပ်ရဲ့ “ဗီဇနိယာမ” အတိုင်း ရုပ်ကဆက်လက်ကြီးပွားပါတယ်။ နာမ်ရဲ့ “ဗီဇနိယာမ” အတိုင်း နာမ်ကဆက်လက်ပြီး ကြီးပွားပါတယ်။ အဲဒီနေရာမှာ သေသေချာချာ စဉ်းစားရမယ့် အချက်တွေရှိပါတယ်။

အဲဒီ ရုပ်ဗီဇလို့ခေါ်တဲ့ ဒီခန္ဓာကိုယ်မျိုးစေ့လေးကို ချပေးလိုက်ပါတယ်။ အမိနဲ့အဖတို့ရဲ့ မျိုး . . . ဆိုတာရှိပါတယ်။

ဒါက အမိမှာရှိတဲ့ မျိုးဥဖြစ်ပါတယ်။ ဒီအမိမျိုးဥရဲ့အထဲကို “အဖ” ရဲ့ မျိုးဥက ဖောက်ထွင်းပြီး ဝင်သွားပါတယ်။ အဖ မျိုးဥလေးက . . . အဖရဲ့ဗီဇတွေကို သယ်လာပါတယ်။ အမိမျိုးဥမှာလည်း . . . အမိရဲ့ဗီဇတွေရှိနေပါတယ်။

အဲဒီမှာ ဗီဇခါတ် (၂၃) ခု . . . ရှိပါတယ်။ အမိဘက်က ဗီဇခါတ် (၂၃)ခု၊ အဖဘက်က ဗီဇခါတ် (၂၃) ခု . . . ရှိကြပါတယ်။ သူမျိုးနဲ့သူဆက်သွယ်ကြပါတယ်။ အမိဘက်ကမျိုးနဲ့ အဖဘက်ကမျိုးတို့ ဆက်သွယ်ကြပါတယ်။ အဲဒီလို ဆက်သွယ်လိုက်တဲ့အချိန် . . . မျိုးဥလေးရဲ့အတွင်းမှာ . . . အမိဘက်က (၂၃)နဲ့ အဖဘက်က (၂၃) . . . တို့တွဲသောအချိန်မှာ . . . “ရုပ်အသစ်” ဖြစ်လာပါတယ်။ အဲဒီရုပ်အသစ်ဟာ “ရုပ်ဗီဇ” ဖြစ်ပါတယ်။ အဲဒီ . . . “ရုပ်ဗီဇ” လေးဖြစ်ပြီးဆိုတာနဲ့ သူဟာဆက်လက်ပြီး ကြီးပွားရပါတယ်။

ရုပ်ဗီဇလေးက . . . မူလတစ်လုံးတည်းရှိနေရာက . . . ပုံတူနှစ်လုံးဖြစ်သွားပါတယ်။ နှစ်လုံးကနေ လေးလုံးဖြစ်တယ်။ လေးလုံးကနေ ရှစ်လုံးဆက်ပြီး တိုးပွားပါတယ်။ အဲဒီလိုနဲ့ ကလာပ်စည်းတွေတိုးပွားလာပြီးတော့ “ရုပ်ခန္ဓာ”ကြီးကို တည်ဆောက်ရပါတယ်။

ထို့အတူပဲ နာမ်ခန္ဓာခေါ်တဲ့ ပထမဦးဆုံးဖြစ်တဲ့ စိတ်ကလေးကို . . . “ပဋိသန္ဓိဝိညာဉ်” လို့ ခေါ်ပါတယ်။ “ပဋိသန္ဓိဝိညာဉ်” ဆိုတာလေးက “နာမ်မျိုးစေ့” ဖြစ်ပါတယ်။ ဒီ “ပဋိသန္ဓိဝိညာဉ်” လေးဖြစ်ပြီးတာနဲ့ တစ်ပြိုင်တည်း . . . ဆက်ကာ . . . ဆက်ာ . . . “နာမ်ခန္ဓာ” ကြီးပွားအောင် သူ့နိယာမအတိုင်း . . . “နာမ်ခန္ဓာ” ကလည်း အလုပ်လုပ်ရပါတယ်။

ဒီနာမ်ဗီဇကလည်း သူ့ဥပဒေနဲ့သူကြီးပွားရပါတယ်။ ရုပ်ဗီဇကလည်း ရုပ်ရဲ့သဘာဝ အတိုင်း . . . ကြီးပွားပါတယ်။ အဲဒီသဘောတွေမှာ သေသေချာချာ ဉာဏ်ကစဉ်းစားရမယ့် အချက်တွေပါနေပါတယ်။

ဗီဇရုပ်ဆိုရာမှာ . . . အမိဘက်က "အမဗီဇရုပ်" ဆိုတာရှိပါတယ်။ အဲဒါကို . . . "X" (အိတ်က်စ်) လို အမှတ်ပါတယ်။ X CHROMOSOME လို့ ခေါ်ပါတယ်။

အဖမျိုးဥက . . . X ကို သယ်လာတယ်လည်းရှိတယ်။ Y (ဝိုင်) သယ်လာတာလည်း ရှိပါတယ်။ ဒီတော့ အဖမျိုးဥက . . . (၂)မျိုး သယ်လာနိုင်ပါတယ်။

ဒီတော့ အမဓါတ်ကို "X" နာမည်ပေးပါတယ်။ အဖိုဓါတ်ကို "Y" နာမည်ပေးပါ တယ်။ အကယ်၍ . . . အဖမျိုးဥက . . . "X" ကိုသယ်လာရင် . . . ဒီအခါမှာ . . . အဖဘက်ကလည်း X ။ အမိဘက်ကလည်း X . . . ဖြစ်ရင် . . . အဲဒီအခါမှာ "မိန်းကလေး" ဖြစ်ပါတယ်။ ဣတ္ထိဘာဂရုပ် ဖြစ်ပါတယ်။

မိန်းကလေးဖြစ်ရခြင်းအကြောင်းဟာ . . . ဟောဒီ CHROMOSOME (ခရိုမိုဇုန်း) မှာ . . . အမနဲ့အမ (X နဲ့ X) တွဲရင် . . . "မိန်းကလေး" ဖြစ်ပါတယ်။

သို့သော် အဖဘက်က Y (အဖိုဓါတ်) ကိုသယ်လာရင် . . . ဓါတ်ခံ (အမိဘက်) ဖြစ်တဲ့ X နဲ့ အဖကသယ်လာတဲ့ "Y" နဲ့ တွဲလိုက်ပါတယ်။ "X" နဲ့ "Y" နဲ့တွဲရင် . . . အဖရဲ့ Y က လွှမ်းမိုးသွားပါတယ်။ ဒါကြောင့်အဖိုဓါတ် ဖြစ်သွားပါတယ်။ ဒီတော့ ယောကျ်ားလေး ဖြစ်လာပါတယ်။ "ပုမ္ဘာဝ" လို့ ခေါ်ပါတယ်။

| အမိဘက် | အဖဘက် | ပေါင်းစပ်မှု | ဖြစ်ထွန်းမှု |
|---|---|---|---|
| X | X | X - X | မိန်းကလေး |
| X | Y | X - Y | ယောကျ်ားလေး |

အဲဒါဟာ "ဗီဇရုပ်" တို့ကို တည်ထောင်ပေးရာတွင် သိရမည့်အခြေခံသဘောများ ဖြစ်ပါတယ်။



X နဲ့ X တွဲရင် . . . အမဖြစ်ပါတယ်။

X နဲ့ Y တွဲရင် . . . အဖို ဖြစ်ပါတယ်။

ဒီပညာကို EMBROYOLOGY လို့ ခေါ်ပါတယ်။ ပဋိသန္ဓိပညာ ဖြစ်ပါတယ်။ သိပ္ပံ ပညာ (SCIENCE) ဖြစ်ပါတယ်။ အဲဒီမှာ သေသေချာချာ စဉ်းစားရမယ့် အချက်တစ်ခု ရှိပါတယ်။

X နဲ့ X တွဲနေရင် . . . အမ ဖြစ်တယ်။

X နဲ့ Y တွဲနေရင် . . . အဖို ဖြစ်တယ် . . . အဲဒါကို သိပ္ပံပညာရှင်တွေ သိပါတယ်။ သို့သော် X နဲ့ X တွဲတာပဲ ဖြစ်ဖြစ် . . . X နဲ့ Y တွဲတာပဲ ဖြစ်ဖြစ် . . . ယောကျ်ားဖြစ်တာပဲဖြစ်ဖြစ် . . . မိန်းမဖြစ်တာပဲ ဖြစ်ဖြစ် " BY CHANCE" လို့ လက်ခံ ထားတယ်။ ဒီသဘောက အကြောင်းအားလျော်စွာတွဲလို့ . . . ယောကျ်ားလည်းဖြစ်နိုင်တယ် . . . မိန်းမလည်းဖြစ်နိုင်တယ် . . . လို့ . . . သိပ္ပံပညာရှင်တွေက . . . လက်ခံထားပါတယ်။

အဲဒီမှာ . . . " DETERMINATION OF SEX" . . . ဆိုတာဟာ . . . အဖို . . . အမ ဖြစ်ဖို့အတွက် ဆောင်ရွက်ပေးသော ဓါတ်သဘာဝဖြစ်ပါတယ်။

အဖဘက်က "Y" ပါလာရင် . . . "အဖို" ၊ အဖဘက်က "X" ပါလာရင် . . . "အမ" . . . ဖြစ်ပါတယ်။ အမေဘက်ကတော့ အမြဲတန်း လက်ခံ "X" ရှိနေပါတယ်။

အဲဒီမှာ . . . သိပ္ပံဆရာတို့ မသိနိုင်တဲ့အချက်ရှိပါတယ်။ ဒါဟာ . . . အကြောင်း အားလျော်စွာ . . . "အဖို" ဖြစ်ချင်ဖြစ်မယ်၊ "အမ" ဖြစ်ချင်ဖြစ်မယ်။ ဗုဒ္ဓဘာသာက . . . ပြောထားတာကို သေသေချာချာ စဉ်းစားဖို့ လိုပါတယ်။

အခုလို . . . ရုပ်ဗီဇနဲ့ နာမ်ဗီဇ (၂) ခုတို့ကို "ကံစွမ်းအား" ကတည်ပေးတာဖြစ်ပါ တယ်။ "နာနက္ခဏိကကံ" ကတည်ပေးတာပါ။ အဲဒီကံစွမ်းအားက . . . ဒီဗီဇကို သတ္တဝါ ဖြစ်အောင် တည်ပေးရုံတင်မကပါဘူး . . . အဲဒီ ကံစွမ်းအားထဲမှာ . . . ယောကျ်ားဖြစ်အောင် ဆောင်ရွက်ပေးသော ကံစွမ်းအားက ဆောင်ရွက်ပေးမှ ယောကျ်ားဖြစ်သလို . . . မိန်းမဖြစ် အောင် ဆောင်ရွက်ပေးသော ကံစွမ်းအားက ဆောင်ရွက်ပေးမှ မိန်းမဖြစ်ရပါတယ်။

## အတ္တာဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

သဗ္ဗာနိ စ   အပါယဂါမိနီကမ္မာနိ နာမ
အတ္တဒိဋ္ဌိ ယာ   သတိယာ ဧဝ   အာပဇ္ဇတိ ၊
အသတိယာ   န အာပဇ္ဇတိ ။

| | |
|---|---|
| သဗ္ဗာနိ စ | အလုံးစုံလည်းဖြစ်ကုန်သော |
| အပါယဂါမိနီကမ္မာနိ နာမ | အပါယ်သို့လားစေသော ကံတို့မည်သည်ကား |
| အတ္တဒိဋ္ဌိ ယာ | အတ္တဒိဋ္ဌိသည် (ဝါ) မှားသောအမြင်သည် |
| သတိယာ ဧဝ | ရှိမှသာလျှင် |
| အာပဇ္ဇတိ | ရောက်ရ၏။ |
| အသတိယာ | အတ္တဒိဋ္ဌိမရှိခဲ့သော်. . . |
| န အာပဇ္ဇတိ | မရောက်ချေ။ |

C D

# L

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

ဆရာကြီး ဦးဌေးအောင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)
၏

## (၂)ကြိမ်မြောက်ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၁၇) ဟိတ် (၆) ပါး တရား . . . ( ၂၆ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C D